# အသက်ရှင်ခြင်းမှ သေခြင်းသို့လား။

# မဟုတ်ပါ။

# ထာဝရအသက်ရှင်မှာဖြစ်ပါသည်



# အသက်ရှင်ခြင်းမှ သေခြင်းသို့လား၊ မဟုတ်ပါ။ ထာဝရအသက်ရှင်မှာဖြစ်ပါသည်

သိပ္ပံပညာသည် အာကာသထိတောင် ရှာဖွေလေ့လာမှုပြုခဲ့ပြီး၊ ဦးတည်
ရာမြောက်မြားစွာထဲ၌ တိုးတက်လာ သော်လည်း၊ သေခြင်းဆိုသည် အရာ
ကိုတော့ ကျယ်ပြန့်စွာ ရှာဖွေလေ့လာဖို့ရန် နောက်ကျကျန်ရစ်နေသည်။
သေပြီးနောက် ဘာတွေဖြစ်ပျက်လာမလဲ၊
သေခြင်းတရားထဲ၌ ရှိသော ဖြစ်ပျက်မှု စသ
ည့် သင်ခန်းစာများကို လေ့လာသင်ယူခဲ့ကြ
သည့် ဒေါက်တာများ၊ သိပ္ပံပညာများနှင့် အခေ
တွးအခေါ်ပညာရှင်အချို့ပင် ဖြစ်ကြသည်။



သိပ္ပံပညာရှင်များသည် လူ၏ကိုယ်ခန္ဓာ
အကြောင်း၊ ဤကမ္ဘာဂြိုလ်ပေါ်တွင်သူ၏ တည်ရှိမှု၊ အာဏုမြူစွမ်း အင် ဆို
င်ရာအကြောင်းများ၊ သဘာဝကပ်ဆိုးများ အကြောင်းကို အသေးစိတ်ရှင်းပြေ
နပါသော်လည်း၊ လူသား အားလုံးထံသို့ ရောက်ရှိလာမည့် ဤကြောက်ရွံ့စ
ရာကောင်းသည့် သေခြင်းတရား၏ အကြောင်းကို အနည်း ငယ်သာသင်ကြား
ကြသည်။ သေခြင်းဆိုသည့်အရာကို လေ့လာသင်ယူရန် လူအနည်းစုသာ
လျှင် အရည်အချင်း၊ နှင့် ဆန္ဒများ ရှိကြသည်။ ယခုထိတိုင် ထိုအရာသည်



လူသားအားလုံးကို ချုပ်ကိုင်ထားနေပြီး၊ ရှော
င်လွဲ၍မရ အောင် သိပ္ပံပညာရှင်များနှင့် ပညာ
ရှင်များသည်လည်း စောင့်စားနေရသည်။ နာ
ကျင်ခြင်း၊ ငိုကြွေးခြင်း၊ ဖျားနာ ခြင်း၊ ထိခိုက်ဒ
ဏ်ရာ၊ ကြောက်ရွံ့ခြင်း၊ ရုတ်တရက် နလုံးအခေ
မာဖောက်ခြင်း၊ စိတ်ပျက်ခြင်းနှင့် ဆန္ဒများကို
ကျွန်ုပ် တို့ တွေ့ကြုံခံစားရသည့်တိုင် နောက်

ဆုံး၌ ကျွန်ုပ်တို့သည် အသက်ရှင်ခြင်း၏ နယ်မြေမှ ဘယ်တော့မှ ပြန်မလာရတော့ဘဲ သေခြင်း၏ ဂါးမြို့ခြင်းကို ခံရတော့သည်။ လူသားသည် အမိဂမ်းထဲမှ နေရောင်ခြည်ကို နှုတ်ဆက်ရန် ထွက်လာသည့် အချိန်မှာဘဲ သူသည် သေခြင်းနဲ့ ကတိကဂတ်ပြုသောသူကဲ့သို့ ဖြစ်ပါသည်။ သေခြင်းကို ကြိုက်တာ မကြိုက်တာမရှိပါဘူး။ `အဘယ်သို့ကြောင့် နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသ ခင်ရှေ့တော်၌ အသရေ ပျက်ကြပြီ`။ `အပြစ်တရား၏ အခပေး သေခြင်းပေတည်း`(ရောမ ၃း၂၃၊ ၆း၂၃) ဟု ကျမ်းစာက ပြောထားပါသည်။ `လူသည် တခါတည်းသေ၍ ထိုနောက်မှ တရားစီရင်တော်မူခြင်းကို ခံရမည်` (ဟေဗြဲ ၉း၂၇)။ ကျွန်ုပ်တို့ တယောက်စီတိုင် သေရကြမည်ဖြစ်သည်။ ဤဘဂ၌ ဘုရားသခင်နှင့် ကျွန်ုပ်တို့ ကင်း ကွာလျှင်၊ ထာဂရကာလတစ်လျှောက်လုံး သူနှင့် ကျွန်ုပ်တို့ ကင်းကွာနေရလိမ့်မည်။ ဘဂအသက်တာ၏ လက်ဆောင်များဖြစ်သည့် ချစ်ခြင်း၊ ဂမ်းမြောက်ခြင်း၊ လုပခြင်း၊ မှန်ကန်ခြင်း၊ ငြိမ်သက်ခြင်း နှင့်ပျော်ရွှင်ခြင်းကို ကျွန်ုပ်တို့ ထာဂရဆုံးရှုံးမှာဖြစ်ပြီး၊ အံ့သွားခဲကျိတ်ခြင်း၊ မှောင်မိုက်၊ အထီးကျန်ခြင်း၊ အရှက်ကွဲခြင်းနှင့် ဂမ်းနည်းခြင်းများနှင့်အတူ သေခြင်း၏ ငြင်းဆဲခြင်းကို ထာဂရ ခံစားရမှာဖြစ်သည်။



လူတစ်ဦးသာလျှင် သေခြင်း၏ လို့ပုက်ချက်တံခါးကို ဖွင့်နိုင်မှာဖြစ်ပြီ၊ အသက်နှင့် မသေနိုင်သော အဖြစ်ကို လူသားများ ရရှိရန် `ဘဂ သစ်နှင့် အသက်ရှင်သောလမ်း` ဖွင့်ပြပေးခဲ့သည်။ သူသည် ကျွန်ုပ်တို့၏ ကယ်တင် ယေရှုခရစ်တော်ပင်ဖြစ်သည်။ `ထိုသခင်သည် သေခြင်းအကြောင်းကို ပယ်ရှား၍ အသက်ရှင်ခြင်းအကြောင်းနှင့် မဖောက်ပြန်ခြင်းအကြောင်းကို ဧဝံဂေလိတရား

အားဖြင့် ထင်ရှားစေတော်မူပြီ`(၂တိ ၁း၁၀)။ သမိုင်းကြောင်း သည် သူ့ကိုဗဟိုပြု၍ နေသည်။ ကမ္ဘာကြီး၌ သူရဲ့မွေးဖွားခြင်းသည် ဘီစီနှင့်အေဒီ ဆိုသည့် ရာဇဝင်သမိုင်းကို နှစ်ပိုင်းပိုင်းခဲ့သည်။ ကျွန်ုပ်တို့၏ အပြစ်များအတွက် အသေခံခဲ့သောကြောင့် အသက်ရှင်ခြင်းနှင့် သေခြင်းသည် သူ့ကို ဂန်းရုံနေသော်လည်း၊ သူသည် အပြစ်တရား၊ သေခြင်း၊ ငရဲနှင့် သချိုင်းတို့ကို အောင်မြင်ပြီး၊ ဘုရား သခင်၏ တန်ခိုးတော် အားဖြင့် သေခြင်းမှ ထမြောက်လာခဲ့သည်။ သူ၏ မြောက်မြားစွာသော တပည့်တော်များ သည် သူ၏ ရှင်ပြန်ထမြောက်ခြင်း၏ မျက်မြင်သက်သေများဖြစ်ကြသည်။ ကမ္ဘာတဝန်းရှိ သန်းပေါင်းများစွာ သော သူများသည်လည်း သူအသက်ရှင်သည့်အကြောင်းကို သက်သေခံလျှက်ရှိသည်။ `ငါသည် အသက်ရှင် သောသူလည်းဖြစ်၏။ ငါသည်အရင်သေသည်ဖြစ်၍၊ ကမ္ဘာအဆက်ဆက် အသက်နှင့်ပြည့်စုံ၏။ မရဏာနှင့် မရ ဏာနိုင်ငံကိုလည်း ငါအစိုးရ၏`(ဗျာဒိတ် ၁း၁၈)။



ယေရှုကိုယ်တော်တိုင် ကားတော်ပေါ်တွင် သေခြင်းထံ နှိမ့်ချခဲ့သည်။ လူသားအားလုံးအတွက် သေခြင်းကို မြည်းစမ်းခဲ့ရသည်။ `ခရစ်တော်သည် အသေခံတော်မူသောအားဖြင့် သေခြင်းတရားကို အစိုးရသော သူတည်း ဟူသော မာရ်နတ်၏ တန်ခိုးကို ချိုးဖွဲ့ ဖျက်ဆီးခြင်းငှါ၊ သေဘေးကို ကြောက်၍ တသက်လုံး ကျွန်ခံရသော သူတို့ ကို ကယ်လွှတ်ခြင်းငှါရင်း၊ ထိုသူငယ်တို့၏ နည်းတူ အသွေးအသားကို ဆောင်ယူတော်မူ၏` (ဟေဗြဲ ၂း၉၊၁၄၊၁၅)။

လောကကြီးထဲ သူရှိနေစဉ်အတွင်း အသက်ရှင်ခြင်း၊ သေခြင်းနှင့် ထာဝရရှင်သန်ခြင်းအကြောင်းကို ပြင်းပြင်း ထန်ထန် သင်ကြားပေးခဲ့သည်။ ကု၍မရသော ရောဂါများကို ပျောက်ကင်းစေခြင်း၊ သေသောသူကို အသ

က်ရှင်စေခြင်း၊ မျက်စိမမြင်သောသူများကို မြင်စေခြင်း၊ နားမကြားသောသူများကို ကြားစေခြင်းနှင့် ခြေစွံသောသူများကို လှမ်းလျှောက်စေခြင်းအားဖြင့် သူသည် ထမြောက်သောသူ၊ အသက်ရှင်သောသူ ဖြစ်ကြောင်း ပြသခဲ့သည်။ ဘုရားထံ အကြွင်းမဲ့ ယုံကြည်ခြင်းရှိသော အသက်တာအကြောင်းနှင့် သူ့ရဲ့ အ ကူအညီကို တောင်းခံသောသူများ၏ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို အံ့သြဖွယ်ရာ ပြည့်စုံစေသည့် အကြောင်းကို သင်ကြားပေးခဲ့သည်။ သေခြင်း၏နောက်၌ ရှိသော အသက်တာအကြောင်းကိုလည်း သင်ကြား ပေးခဲ့သည်။ လိုလိုလားလား ကျွန်ုပ်အပြစ်များကို သည်းခံပြီး၊ ကားတိုင်ပေါ် သူကိုယ်တိုင် ကျွန်ုပ်တို့၏ အပြစ် ကြွေးကို ယူဆောင်သွားခဲ့သည်။ ယေရှုသည် ထမြောက်ပြီးသောကြောင့် ကျွန်ုပ်တို့သည် သူ့ကို ယုံကြည်ပြီး၊ သူသည် လမ်းခရီး၊ သမ္မာတရား၊ အသက်လည်း ဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိကြပါသည်။



**လမ်းခရီး-** ယေရှုသည် ပြဿနာအားလုံးကို ကျော်လွှားအောင်မြင်ရန် ဘုရားသခင်ထံသို့ သယ်ဆောင်ပေး သော အသက်ရှင်သော လမ်းခရီးပင်ဖြစ်ပါသည်။

**သမ္မာတရား-** ယေရှုသည် သမ္မာတရားဖြစ်ပြီး၊ သင့်ဝိညာဉ်အား အပြစ်နှင့် ကြောက်ရွံ့ခြင်းမှ သင့်ကို လွတ်မြောက်စေသောသူကို သိကျွမ်းဖို့ရန်ဖြစ်သည်။

**အသက်-** ယေရှုသည် ထာဝရအသက်ဖြစ်ပြီး၊ ဆေးဝါးကုသမှုနှင့်ဆိုင်သော သေခြင်းက လမ်းဆုံးကို မပို့ဆောင် နိုင်ဘဲ၊ ထိုအသက်သည် မပျက်ဆီးနိုင်ဆီးသော၊ ထာဝရရှင်သန်သော ခန္ဓာကိုယ်ဖြင့် ဂုဏ်ဆင်နေလိမ့်မည်။

သေခြင်း၏ ကောင်းကင်တမန်သည် မတော်တဆအားဖြင့်သော်၎င်း၊ ေ
ရာဂါအားဖြင့်သော်၎င်း၊ အသက်အရွယ် ကြီးရင့်ခြင်းအားဖြင့်သော်၎င်း သင့်
ရဲ့ဂိညာဉ်ကို တောင်းဆိုလိမ့်မည်။ ထာဝရသေခြင်းမှာ ထာဝရမပျောက်ဆုံး
ခင် သင်လိုအပ်နေသော သခင်ယေရှုကို စဉ်းစားဆင်ခြင်ပါ။ ယေရှုက `ငါ
သည် ထမြောက်ခြင်းအကြောင်း၊ အသက် ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကို
ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်`(ယော ၁၁း၂၅)
ဟု မိန့်တော်မူ၏။ သခင်ယေရှုခရစ်တော်ကို ယုံကြည်ပြီး၊ သင့်အပြစ်များ
ကို ဝန်ချတောင်းပန်ပါ။ သင်ရဲ့ ကယ်တင် ရှင်အဖြစ် လက်ခံပါ။ သေခြင်းမှ
ခရစ်တော်ကို ထမြောက်ခဲ့စေသော သန့်ရှင်းသော ဂိညာဉ်တော်နှင့် ဘုရား
သခင် သင့်ကိုပြည့်စေသကဲ့သို့ သေခြင်းက သင့်ကို အောင်မြင်မှာမဟုတ်
ပါဘူး။ သမ္မာတရားသည် အပြစ် နှင့်သေခြင်းမှ လွတ်မြောက်စေလိမ့်မည်။
ထမြောက်ခြင်းနှင့် အသက်ရှင်ခြင်းဖြစ်သော ယေရှုခရစ်သည် သူ့ထံ သို့လာ
ရန် ဖိတ်ခေါ်နေပါသည်။

## ဆုတောင်းချက်-




သခင်ယေရှု၊ ကျွန်ုပ်၌ အသက်တချော
င်းသာရှိပြီး၊ ထိုအသက်သည် မကြာမီ သေနို
င်ကြောင်း ကို သိရှိပါ၏။ ကျွန်ုပ်အပြစ်သားတ
စ်ယောက်ဖြစ်ကြောင်းကို သိရှိပါ၏။ ကျွန်ုပ်၏
ရာထူးရာခံများနှင့် ကျွန်ုပ်၏ မိတ်ဆွေများက
ကျွန်ုပ်ကို မကယ်တင်နိုင်ပါ။ နောင်တနှင့် ကျိုးပဲ့ကြေမွသော နှလုံး
သားဖြင့် ကိုယ်တော်ထံသို့ တိုးဝင်ပါ၏။ ကျွန်ုပ်အပြစ်များအတွက် နော
င်တရပါ၏။ ကျွန်ုပ်အပြစ်များကို ခွင့်လွှတ်ပြီး၊ သန့်ရှင်းစေမူပါ။ ကိုယ် ေ
တာ်နှင့်တွေ့ဆုံဖို့ အဆင်သင့်ဖြစ်စေတော်မူပါ။ အာမင်

